**Little by little (ဖြည်းဖြည်းချင်း၊ တစ်စ တစ်စ)**

Little by little, we began to get to know them.
ကျွန်တော်တို့ သူတို့ကို တဖြည်းဖြည်းချင်း သိလာခဲ့ပါတယ်။
His English is improving little by little.
သူ့ရဲ့ အင်္ဂလိပ်စာဟာ တစ်စတစ်စ တိုးတက်လာပါတယ်။

**Logically (ယုတ္တိရှိစွာ)**

Logically, we had better go to the doctor right now.
ယုတ္တိရှိရှိ ပြောရရင် ကျွန်တော့်ကို အခုချက်ချင်း ဆရာဝန်ဆီကို သွားရင် ကောင်းမယ်။
Logically, you shouldn't come here.
ကြောင်းကျိုးလျော်ညီစွာ ပြောပြရင် မင်း ဒီကိုမလာသင့်ဘူး။

**Look (ကြည့်စမ်း)**

Look! I'm sure that's Wut Hmon Shwe Yi.
ကြည့်စမ်း၊ ဒါ ဝတ်မှုန်ရွှေရည်ဆိုတာ သေချာပါတယ်။
Look, I think it's going to rain.
ကြည့်၊ မိုးရွာတော့မယ်လို့ ငါထင်တယ်။

**Look here! (ဒီမယ်)**

Look here! What are you doing with my bag?
ဒီမယ်၊ မင်း ငါ့အိတ်ကို ဘာလုပ်နေတာလဲ။
Look here! Why didn't you ring me yesterday?
ဒီမယ်၊ မနေ့က မင်း ငါ့ဆီ ဘာကြောင့် ဖုန်းမဆက်တာလဲ။

**Loosely speaking (ခပ်ပေါ့ပေါ့ပြောရရင်)**

Loosely speaking, it doesn't matter.
ခပ်ပေါ့ပေါ့ပြောရရင် ဒါ အရေးမကြီးပါဘူး။



Loosely speaking, I think it won't succeed.
ခပ်ပေါ့ပေါ့ပြောရရင် အောင်မြင်မှာ မဟုတ်ဘူးလို့ ငါထင်တယ်။

**Luckily (ကံကောင်းချင်တော့)**

Luckily, they reached the nearest village in a short time.
ကံကောင်းချင်တော့ သူတို့ အနီးဆုံးရွာကို အချိန်တိုအတွင်း ရောက်ရှိခဲ့ပါတယ်။
Luckily, it stopped raining before we went out.
ကံကောင်းချင်တော့ ကျွန်တော်တို့ အပြင်မထွက်ခင် မိုးတိတ်သွားခဲ့တယ်။

**Lucky you/me! (တယ်ဟုတ်ပါလား၊ နိပ်ဟ)**

"I'm off to Paris." "Lucky you!"
'ကျွန်မ ပဲရစ်မြို့ကို သွားတော့မယ်'။ 'တယ်ဟုတ်ပါလား'။
Lucky me, I've won the first prize.
နိပ်ဟ၊ ငါ ပထမဆုရတယ်လေ။

**Luckily for sb (…အတွက် ကံကောင်းလိုက်တာနော်)**

Luckily for us, the train was late.
တို့အတွက် ကံကောင်းလိုက်တာနော်၊ ရထားနောက်ကျနေလို့။
Luckily for the children, the new playground is now opened.
ကလေးတွေအတွက် ကံကောင်းလိုက်တာနော်၊ အခု ကစားကွင်းအသစ်ကို ဖွင့်လိုက်ပြီလေ။

□ □ □